## Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ ဆိုင်ရာအချက်အလက်များ

### ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့်နေရာ

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၊ နေပြည်တော်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

### ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

၂။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြား ဆိုက်ဘာလုံခြုံရေး ဆိုင်ရာ အသိပညာပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန်။

### အကျိုးကျေးဇူးများ

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကမ္ဘာနှင့်တစ်ဝှမ်း ဆိုက်ဘာရာဇဝတ်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ တိုးတက်များပြားလာသည့်အတွက် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး၏ အရေးပါမှုကို သိရှိလာစေခြင်း၊

(ခ) လူငယ်လူရွယ်များ၏ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ကာကွယ်နိုင်မည့်နည်းလမ်းများအား ပိုမိုသိရှိလာစေခြင်း၊

(ဂ) နိုင်ငံတကာ၏ စံသတ်မှတ်ချက်များနှင့်အညီ ထုတ်ထားသော မေးခွန်းများကို ဖြေဆိုခြင်းဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အတွေ့အကြုံကောင်းများ ရရှိစေခြင်း။

### ပြိုင်ပွဲဝင်လျှောက်လွှာများခေါ်ယူခြင်း

၄။ ပြိုင်ပွဲဝင်လျှောက်လွှာများကို ၃၀-၆-၂၀၂၅ ရက်နေ့ တွင် Myanmar National Web Portal ဖြစ်သော www.myanmar.gov.mm၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.motc.gov.mm၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ အင်တာနက်စာမျက်နှာများဖြစ်ကြသော www.ncsc.gov.mm နှင့် www.mmcert.org.mm တို့တွင် လွှင့်တင်ပေးထားမည်ဖြစ်ပါသည်။ ပြိုင်ပွဲတွင် အသင်းပေါင်း ၂၅ သင်းအား ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ရာ ပြိုင်ပွဲဝင်

၂၅ သင်းထက် ကျော်လွန်ပါက လက်ရည်စစ်ပွဲအား ၉-၈-၂၀၂၅ ရက်နေ့တွင် အွန်လိုင်းမှတစ်ဆင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ၂၅ သင်းသာ နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် ခွင့်ရရှိမည် ဖြစ်ပါသည်။

**ချီးမြှင့်မည့်ဆုများ**

၅။ ချီးမြှင့်မည့်ဆုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပထမဆု - ငွေကျပ် (၂၀)သိန်း၊ Trophy၊ Certificate၊

(ခ) ဒုတိယဆု - ငွေကျပ် (၁၅)သိန်း၊ Trophy၊ Certificate၊

(ဂ) တတိယဆု - ငွေကျပ် (၁၀)သိန်း၊ Trophy၊ Certificate။

**ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသူများ**

၆။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရပါမည်။

(ခ) အသက်ကန့်သတ်ချက်၊ ပညာအရည်အချင်း ကန့်သတ်ချက် မရှိပါ။

**ဖြေဆိုရမည့်ကဏ္ဍများ**

၇။ အောက်ပါကဏ္ဍများကို သတ်မှတ်ချိန်အတွင်း ဖြေဆိုရမည်ဖြစ်ပါသည်-

(က) Web Security

(ခ) Forensics

(ဂ) Cryptography

(ဃ) Reverse Engineering

(င) Binary Exploits

**ပြိုင်ပွဲအစီအစဉ်**

၈။ ပြိုင်ပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၀၈:၃၀-၀၉:၀၀ - ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်း၊

(ခ) ၀၉:၀၀-၁၀:၂၀- ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်) ဆုချီးမြှင့်ခြင်း အစီအစဉ်များ၊

(ဂ) ၁၀:၂၀-၁၀:၃၀ - ပြိုင်ပွဲစည်းကမ်းချက်များရှင်းလင်းခြင်း၊

(ဃ) ၁၀:၃၀-၁၆:၃၀ - ပြိုင်ပွဲယှဉ်ပြိုင်ခြင်း၊

(င) ၁၆:၃၀-၁၇:၀၀ -ဆုချီးမြှင့်ခြင်း။

**ပြိုင်ပွဲဝင်များအတွက် စည်းကမ်းချက်များ**

၉။ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနမှ ဝန်ထမ်းများနှင့် MCSC ပြိုင်ပွဲများတွင် နှစ်ကြိမ်ဆုရရှိခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိပါ။

(ခ) ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စာရင်းပေးထားပြီး လာရောက်ယှဉ်ပြိုင်ခြင်းမရှိသည့် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲယှဉ်ပြိုင်ခွင့် ရာသက်ပန် ပိတ်ပင်မည် ဖြစ်ပါသည်။

(ဂ) ဆုရရှိသည့် အသင်းများမှ ပြိုင်ပွဲဝင်များကို ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် “ASEAN Cyber SEA Game” ပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေမည် ဖြစ်ပါသည်။

(ဃ) ပြိုင်ပွဲယှဉ်ပြိုင်စဉ်အတွင်း လိုက်နာရမည့်စည်းကမ်းချက် အသေးစိတ်အား ပြိုင်ပွဲမယှဉ်ပြိုင်ခင်တွင် ရှင်းလင်းမည်ဖြစ်ပါသည်။

**လျှောက်လွှာပေးပို့ရန်**

၁၀။ ပြိုင်ပွဲဝင်လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ထက် နောက်မကျစေဘဲ အီးမေးလ်လိပ်စာ **ctf@ncsc.gov.mm** သို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉၇၂၄၀၀၀၉၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။